ညည်းတွား က၊ <nyi: twa:> ①埋怨,叫苦: ချူသံပါအောင် ~ သည်။ 叫苦连天。/ ~ မြည်တမ်းသည်။ 发牢骚。②呻吟

ညတ်ညတ် မသ၊ <nyat nyat> (小鸡受惊)吱吱叫: ကြက်ကလေးများ ~ မြည်ကြ၏။ 小鸡吱吱叫。

ညိတ် က၊ <nyeit> ①点头,(树枝等)颤动: ခေါင်း ~ ကာ ~ ကာနှင့်နားထောင်နေသည်။ 频频点头地听着。②偏斜,转向 ③闪亮 ④声音嘈杂

ညန် န၊ <nyan> 【植】田菁

ညပ် က၊ <nyat> ①夹在中间,被夹住: လက်ကိုတံခါး ~ သွားတယ်။ 手被门夹住。/ သူလဲဘတ်စ်ကားပေါ် ~ ပါသွားတယ်။ 他也被乘客夹进公共汽车中去了。②拥挤: တဲမှာနေရာမလပ်အောင် ~ နေ၏။ 茅屋里挤得满满的。

ညပ်သပ် က၊ <nyat that> 拥挤不堪: အခန်းကကျဉ်းပရိဘောဂများတော့ ~ နေတာပေါ့။ 屋子小家具多当然就很挤罗!

ညပ်သိပ် နဝ၊ <nyat theit> 拥挤不堪: ပွဲကြည့်ပရိသတ်ကြီးမှာ ~ နေ၏။ 观众拥挤不堪。/ သစ်ပင်များထူထပ် ~ နေသည်။ 树木密密层层的。

ညုံ့ မသ၊ <nyun'> (水牛叫声)哞!

ညွတ် က၊ <nyut> ①弯下,低垂: ခါး ~ သည်။ 弯腰。/ ဦး ~ သည်။ 低头致敬。/ ပန်းသီးတွေ ~ နေအောင်သီး၏။ 累累的苹果把树枝压弯了。/ ကမ်းလုံး ~ မျှထွက်၍ကြိုဆိုကြသည်။ 河岸上挤满了欢迎的人群。②倾心于: သဘော ~ သည်။ 倾心。/ ပရိသတ်စိတ် ~ လာအောင်အဟောကောင်းတဲ့လူ 能把听众说得动心的有口才的人 / မဆွတ်ခင် ~ ချင် (喻)早已心甘情愿

ညွတ်ကိုင်း က၊ <nyut kain:> ①低垂 ②恭敬,恭谨

ညွတ်ကျိုး က၊ <nyut kyo:> (书)谦卑,谦恭: ရှိသေ ~ လက်အုပ်မိုး၍ရှိခိုးပါ၏။ 恭敬地合十朝拜。

ညွတ်ကြို့ က၊ <nyut kyo'> (书)谦恭,恭谨

ညွတ်ကွေး နဝ၊ <nyut kwe:> (树枝等)弯曲,弯垂: သစ်ကိုင်းများသည် ~ နေ၏။ 树枝弯垂下来。

ညွတ်ခ က၊ <nyut kha'> (书)恭敬,尊敬

ညွတ်ခွေ နဝ၊ <nyut khwei> 弯垂,弯曲

ညွတ်စင်း နဝ၊ <nyut sin:> 恭顺

ညွတ်တုပ် နဝ၊ <nyut tout> 恭谨

ညွတ်တိမ်း က၊ <nyut tein:> 倾斜,倾向,趋向

ညွတ်တွား က၊ <nyut twa:> 下拜,礼拜: ~ ရှိခိုး၏။ 叩拜。

ညွတ်နူး နဝ၊ <nyut nu:> = နူးညွတ်

ညွတ်ပဲ့ညွတ်ပဲ့ ကဝ၊ <nyut pe' nyut pe'> = ညွတ်ပက်ညွတ်ပက်

ညွတ်ပက်ညွတ်ပက် ကဝ၊ <nyut pet nyut pet> 颤颤悠悠: လူလျှောက်သွားတဲ့အခါကြိုးတံတားဟာ ~ ဖြစ်သွားတယ်။ 人走过时索桥颤颤悠悠的。/ ထမ်းပိုး ~ နဲ့ထမ်းသွားတယ်။ 颤悠悠地挑着担子走了。

ညွတ်ပျောင်း က၊ <nyut pyaun:> 心悦诚服,倾倒,佩服: တဖက်သား ~ လာအောင်ဆွဲဆောင်နိုင်စွမ်းရှိသည်။ 有本事使对方心悦诚服。

ညွတ်ပျပ် က၊ <nyut pyat> = ညွတ်ခ

ညွတ်ယိုင် က၊ <nyut yain> = ညွတ်တိမ်း

ညွတ်ယိမ်း က၊ <nyut yein:> = ညွတ်တိမ်း

ညွတ်ရှိုင်း က၊ <nyut shain:> (书)恭谨,恭敬

ညွတ်လျိုး က၊ <nyut sho:> = ညွတ်ခ

ညွန့် I န၊ <nyun'> (合)嫩芽: ဗူး ~ 瓠瓜芽 II နဝ၊ <nyun'> 细长;锐利;(喻)特好: စာရေးတာ ~ နေတာပဲ။ 字写得很棒。/ ကောင်းပေ့၊ ~ ပေ့။ 最好的,最棒的 III က၊ (喻)把别人当垫脚石谋取私利: သူသည်ကျွန်တော့်အပေါ်တွင် ~ သည်ဟုကျွန်တော်ထင်သည်။ 我认为他拿我当垫脚石。

ညွန့်တက် နဝ၊ <nyun' tet> ①添枝加叶;添油加醋 ②雨后春笋般的

ညွန့်ပေါင်း န၊ <nyun' baun:> ①联合,混合: ~ အစိုးရ 联合政府 / ~ အသုံးချရေး 综合利用 ②集优秀者在一起: ~ အသင်း 联队,混合队

ညွန့်ဖူး I န၊ <nyun' bu:> ①嫩芽 ②精华 II က၊ <nyun' phu:> 长出嫩芽

ညွန့်ဖြူပိုး န၊ <nyun' byu bo:> 铁甲虫(食稻叶,甲壳有刺), 同义词有: ခေါင်းဖြူပိုး၊ ပိုးလောင်မီး 等

ညွန် န၊ <nyun> 淤泥,塘泥

ညွန်စေး န၊ <nyun zei:/nyun zi:> 粘泥: ~ ရုပ် 泥人,泥娃娃

ညွန်စိုင် န၊ <nyun zain> 泥块

ညွန်တော န၊ <nyun daw:> 泥沼,沼泽地

ညွန်တွင်း န၊ <nyun dwin:> 泥坑,泥潭,泥塘

ညွန်နုန်း န၊ <nyun non:> 泥潭

ညွန်နှဲ န၊ <nyun hne:> = ညွန်စေး

ညွန်နှစ် န၊ <nyun hnit> 泥

ညွန်ပေါက် က၊ <nyun paut> 形成泥泞

ညွန်ပျောင်း န၊ <nyun byaun:> 泥泞,泥浆

ညွန်ပျစ် န၊ <nyun byit> 粘泥,烂泥

ညွန်ပြင် န၊ <nyun byin> 沼泽地,泥沼地

ညွန်ဗွက် န၊ <nyun bwet> 泥泞

ညွန်အိုင် န၊ <nyun ain> 泥塘

ညှာ က၊ <hnya> 体贴,宽容,留情: ရန်သူကို ~ ယင်ကိုယ်သေဒုက္ခရောက်မှာပဲ။ 对敌人宽容,自已就要倒霉。/ မ ~ တမ်းပြောရမယ်ဆိုယင် 如果不客气地说的话…… / ဆေး ~ ထိုးတယ်။ 轻轻地注射。

ညှာတာ က၊ <hnya ta> 体谅,宽容,宽恕: အ ~ ကင်းမဲ့သောဝေဖန်ရေး 无情的批评 / အချင်းချင်း ~ ကြရန်လိုသည်။ 需要互相宽容。